# ဇေယနု (ရာမည)

## အောင်မြတ်သာနှင့်

## သားခြောက်အမွှေ



# အောင်မြတ်သာနှင့် သားခြောက်အမွှေ

အောင်မြတ်သာတို့ ဆရာတပည့်တွေ ကုလားမ တောင်တန်းကနေ ထွက်လာခဲ့ပြီး နောက်ပိုင်း ညောင်ပင်ခြောက်ရွာကို ရောက်ရှိလာခဲ့တယ်။ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြတဲ့ ရွာဖြစ်တဲ့ အတွက် ရွာအပြင် တစ်ဝိုက်မှာ တော့ ရွှေရောင်စပါးတွေ ဖုံးလွှမ်းနေတဲ့ လယ်ကွင်းပြင်တွေကို အောင်မြတ်သာတို့ မြင်တွေ့ခဲ့ကြရတယ်။

အောင်မြတ်သာတို့ လည်း ရွာအပြင် သင်္ချိုင်းဇရပ်လေး ပေါ်မှာ ထိုင်ပြီးအနားယူ နေတဲ့ အချိန် မိန်းကလေးငယ် တစ်ယောက်ရဲ့ ရှိုက်ကြီးတငင် ငိုကြွေးသံကို ကြားလိုက်ရတယ်။

သက်ခိုင်က ငိုသံကြားတဲ့ နေရာကို လှည့်ပတ် ရှာကြည့်တော့ ဇရပ်နဲ့ မလှမ်းမကမ်းက မန်းကျည်းပင် အောက်မှာ ငိုကြွေးနေတဲ့ မိန်းမငယ် တစ်ယောက်ကို မြင်လိုက်ရတယ်။

သက်ခိုင်က ငိုကြွေးနေတဲ့ မိန်းမပျို အနားသွားပြီး

"ညီမ ဘာအကြောင်းကြောင့် ဒီလိုလူမရှိတဲ့ နေရာမှာ လာရောက် ငိုကြွေးနေရတာလဲ"

သက်ခိုင်ရဲ့ အမေးကြောင့် ငိုနေတဲ့ မိန်းမပျိုက ခေါင်းကို မော့ကြည့်ပြီး

"ရှင်တို့ က ဘယ်သူတွေလဲ၊ အရင်က ဒီရွာမှာ ရှင်တို့ ကို မမြင်ဖူးဘူး

"

"ကျုပ်တို့ က ဒီရွာမှာ ခရီးတစ်ထောက် နားကြတဲ့ ခရီးသွားတွေပါ၊ ဇရပ်မှာ နားနေတုန်း ငိုသံကြားလို့ ကြည့်မိရာကနေ ညီမကို တွေ့လိုက်တာ၊ ဘယ်လို အခက်အခဲတွေ ကြုံနေရတယ် ဆိုတာ အစ်ကိုတို့ ကို ပြောပြကြည့်ပါလား၊ အစ်ကိုတို့ ကူညီနိုင်ရင် ကူညီပေးပါ့မယ်"

အမျိုးသမီးငယ်လည်း သက်ခိုင်ရဲ့ စကားကြောင့် အားတက်သွားကာ မျက်လုံးအိမ်ထဲက မျက်ရည်စတွေကို လက်ခုံနဲ့ သုတ်လိုက်ပြီး

"ညီမအဖြစ်က အတော်လည်း ဆန်းကြယ်သလို ကြောက်ဖို့ လည်းကောင်းပါတယ်၊ ဒီအဖြစ်အပျက်တွေကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ခြောက်လလောက်က အကြောင်းကို အရင်ဆုံး ပြောမှ ရမယ်"

သက်ခိုင်လည်း မိန်းမပျိုရဲ့ စကားကို နားထောင်ဖို့ အတွက် မန်ကျည်းပင်နဲ့ မလှမ်းမကမ်းမှာ ထိုင်ချလိုက်ပြီး

"ညီမ ကြုံခဲ့ရတာတွေကို ပွင့်ပွင့်လင်းလင်း ပြောပြပါ အစ်ကိုတို့ က ခုနစ်ရက် သားသမီးတွေရဲ့ ဒုက္ခကို လိုက်လံကူညီနေတဲ့ သူတွေဖြစ်လို့ အစ်ကိုတို့ နဲ့ အချိန်မီတွေ့ရတာ ညီမအတွက် ကံကောင်းတာပဲ"

မိန်းမပျိုက သက်ခိုင်ရဲ့ မျက်နှာကို အသာယာ မော့ကြည့်ပြီး

"ညီမတို့ မိသားစုက ဆင်းရဲကြပါတယ် အဖေနဲ့ အစ်ကိုက လယ်သူရင်းငှား လုပ်ကြတယ် အမေနဲ့ ညီမကတော့ လယ်စိုက်ကြပေမဲ့ မိသားစုဝမ်းရေးကို ပြေလည်ရုံလောက်ပဲ အဆင်ပြေကြတယ် ဒီလိုနဲ့ လွန်ခဲ့တဲ့ တစ်လလောက်က အဖေတို့ သူရင်းငှား လုပ်နေတဲ့ လယ်ပိုင်ရှင်က သူ့သားနဲ့ ကွ ကျွန်မကို ပေးစားဖို့ အဖေနဲ့ အမေတို့ ဆီမှာ လာတောင်းရမ်းခဲ့တယ်"

မိန်းမပျိုက စကား ပြောနေတာကနေ တစ်ချက် ငြိမ်သွားပြီး အဝေးကို ငေးကြည့် နေလိုက်တယ်။

"လယ်ပိုင်ရှင်ရဲ့ သားကို ညီမက မကြိုက်လို့ လား"

သက်ခိုင် စကားကြောင့် မိန်းမပျိုက လှည့်ကြည့်ပြီး

"သူတို့ က ချမ်းသာတယ် ဆိုတာမှန်ပေမဲ့ သူတို့ လာကြောင်းလမ်းတဲ့ သူက သက်ရှိမှ မဟုတ်တာ ညီမဘယ်လို လက်ခံရမှာ လဲ"

"ဟမ် ဘယ်လို သက်ရှိ မဟုတ်ရတာလဲ"

"ဟုတ်တယ် သူတို့ သားက မွေးတည်းက အသေမွေးခဲ့တာ ဒါပေမဲ့ သူတို့ က ကလေး ရုပ်အလောင်းကို အခြောက်ခံပြီး သက်ရှိ တစ်ယောက်လို ကျွေးမွေးထား ခဲ့ကြတယ် တစ်ခြားသူတွေ ပြောတာက ဒီကလေးအသေ မွေးပြီးမှ သူတို့ စီးပွား တက်လာတယ်လို့ ပြောကြတယ် အဲဒီလို လူမဟုတ်တဲ့ သူနဲ့ လက်ထပ်ဖို့ ပြောတာကို ညီမက လက်ခံရမှာလား"

"ဟင်း ညီမတို့ မိဘတွေကရော ဘာမှ မပြောဘူးလား"

"အဖေတို့ အပေါ် သူတို့ ကျေးဇူးတွေရှိနေလို့ ဘာမှ ထွေထွေထူးထူး မပြောပေမဲ့ သိပ်တော့ ဘဝင်မကျလှဘူး"

"ညီမ ပြောပုံအရဆိုရင် အခုအဖြစ်အပျက်က တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ ညီမတို့ ဘက်ကရော လက်ခံမခံဆိုတာ ဘယ်နေ့အဖြေ ပေးမယ်ပြောထားလဲ"

"ညီမကတော့ စဉ်စားဦးမယ်လို့ ပဲ ပြောထားတယ် အချိန်တော့ အတိအကျ မပြောရသေးဘူး"

"ဟုတ်ပြီး ဒါဆိုရင် အချိန်ဆွဲလက်စနဲ့ ဆက်ဆွဲထားပါဦး အစ်ကိုတို့ လည်း သူတို့ အကြောင်း စုံစမ်းပြီးတာနဲ့ ဘာဆက်ရမလဲ ဆိုတာကို လာ ပြောပေးပါမယ်၊ ဒါနဲ့ သူတို့ က ဘယ်ရွာမှာ နေတာလဲ"

"သူတို့ က ဟိုဘက်ရွာမှာ နေတာပါ၊ ဒီရွာကနေ ကျော်တာနဲ့ ပထမ ဆုံးတွေ့ရတဲ့ ရွာပဲ၊ ရွာနာမည်က ရွှေခလုတ်ရွာ တဲ့ "

"ဒါဆိုအစ်ကို့ကို ခွင့်ပြုပါဦး နောက်သုံးရက်နေရင် ဒီလိုအချိန် ဒီနေ ရာကို ပြန်လာခဲ့ပါ"

သက်ခိုင်လည်း အမျိုးသမီးကို နှုတ်ဆက်ပြီး အောင်မြတ်သာရှိရာ ပြ န်လာခဲ့လိုက်တယ်။

ဇရပ်ပေါ် ရောက်တော့ အောင်မြတ်သာက

"ဘယ်လိုလဲ သက်ခိုင် အလုပ်တစ်ခု ပါ လာပြီးလား"

အောင်မြတ်သာရဲ့ အမေးကြောင့် သက်ခိုင်မျက်နှာ ပြုံးစိစိ ဖြစ်သွား ပြီး

"ဟုတ်တယ်ဆရာ အလုပ်ကတော့ ကျွန်တော်တို့ ကို ဆီးကြိုနေတာ ပဲ"လို့ ပြောပြီး ထိုင်ချလိုက်တယ်။

လယ်ကွင်းပြင်တွေ ဆီကနေ တစ်ချက်တစ်ချက် ဝေ့ဝိုက် တိုက်ခတ် လာတဲ့ လေပူတွေကြောင့် ဇရပ်တစ်ခုလုံး ပူလောင်အိုက်စပ် နေတာမို့ သက်ခိုင်က လွယ်အိတ်ထဲက ယပ်တောင်ကို ထုတ်ပြီး ယပ်ခတ်ရင်း ဖြစ် ကြောင်း ကုန်စင်ကို ပြောပြလိုက်တယ်။

အားလုံးပြောပြပြီးတဲ့ အချိန်မှာ တော့ အောင်မြတ်သာက

"ဒီလိုပုံစံဆိုရင် လယ်ပိုင်ရှင် လင်မယားက သူတို့ ရဲ့ သေသွားတဲ့ က

လေးကို သက်ရှိ တစ်ယောက်လို မွေးထားတာ ဖြစ်လိမ့်မယ်၊ အခြေအနေ အကြောင်းစုံ သိရအောင် ဟိုဘက်ရွာကို ခရီးထပ်ဆက် ကြတာပေါ့ကွာ" လို့ ပြောပြီး ရွှေခလုတ်ရွာဘက်ကို ခရီးဆက် ခဲ့ကြတယ်။

ရွှေခလုပ်ရွာကို ရောက်တော့ ရွာထဲကို ဆက်မဝင်သေးပဲ ရွာအပြင် လယ်ကွင်းစပ်က လယ်စောင့် တဲလေးမှာ ထိုင်ကာ အခြေအနေကို စောင့်ကြည့်နေ လိုက်တယ်။

ခဏနေတော့ လယ်ကွင်း ဘက်ကနေ ထမင်းပို့ပြီး ပြန်လာတဲ့ မိန်းမ တစ်ယောက်ကို တွေ့တော့ အောင်မြတ်သာက

"သက်ခိုင် အဲဒီမိန်းမဆီသွားပြီး နည်းနည်းပါးပါး စုံစမ်းကြည့်လိုက် သူ့ပုံစံက လည်လည်ဝယ်ဝယ် ရှိမဲ့ပုံပဲ"

သက်ခိုင်က အောင်မြတ်သာ စကားကြောင့် ထမင်းအုပ်ရွက်ပြီး လာနေတဲ့ သူဆီကို ထွက်လာခဲ့ လိုက်တယ်။

"ဗျို့ အစ်မကြီး ခဏလေး နေပါဦးဗျ"

ထမင်းအုပ် ရွက်ထားတဲ့ မိန်းမက သက်ခိုင် အသံကြောင့် ခြေလှမ်းတွေ ရပ်လိုက်ပြီး

"ဘာကိစ္စရှိလို့ လဲ"

"ကိစ္စကတော့ ထွေထွေထူးထူး မရှိပါဘူး သိချင်တာလေး မေးစရာရှိလို့ ပါ အဲဒီလိုမေးတဲ့ အတွက် ထိုက်တန်တဲ့ အဖိုးအခတော့ ပေးမှာ ပါဗျ "

အဖိုးအခဆိုတဲ့ အသံကြောင့် ထမင်းအုပ် ရွက်ထားတဲ့ မိန်းမရဲ့ မျက်နှာ ဝင်းလက်သွားပြီး

"ရတယ်ရတယ် ကြိုက်တာသာမေး ဒီရွာမှာ အပ်ကျတာကအစ မြရင် သိတယ်"

"ဟာ ဒါဆိုအတော်ပဲဗျို့ ဟိုနကတဲမှာ ကျုပ်ဆရာ ရှိတယ် သူလည်း သိရအောင် အဲဒီကို သွားကြရအောင်"

သက်ခိုင် စကားကြောင့် မြရင်ဆိုတဲ့ အမျိုးသမီး နောက်တွန့်သွားပြီး

"ရှင် ... ရှင် ... ရှင်တို့ ကျွန်မကို ဘာမှ လုပ်ဖို့ တော့ မဟုတ်ပါဘူး နော်"

"ဟာဗျာ ... ကျုပ်တို့ က ခင်ဗျားကို လက်ဖျားနဲ့ တောင် မထိပါဘူး ... စိတ်ချ.."

"အခုလိုမေးရတာ စိတ်တော့ မဆိုးပါနဲ့ ရှင် ... ခေတ်ကာလကြီးက မကောင်းတော့... အစစအရာရာ သတိထားနေရလို့ ပါ"

သက်ခိုင်က စကားပြောရင်း လယ်စောင့်တဲဆီကို ခေါ်လာခဲ့တယ်။

"လာ မမြရင် ဒီမှာ ထိုင် ... ဆရာ ဒီအမျိုးသမီး နာမည်က မရင်မြလို့ ခေါ်တယ်...."

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ... ကျုပ်တို့ သိချင်တာက ဒီရွာမှာ လူခြောက် မွေးခဲ့ဖူးတဲ့ ဖြစ်စဉ် ရှိခဲ့ဖူးလား"

အောင်မြတ်သာ စကားကြောင့် မရင်မြ အနည်းငယ် စဉ်းစားလိုက်ပြီး

"ရှိတယ် ရှိတယ် လွန်ခဲ့တဲ့ ၁၆နှစ် ၁၇နှစ် လောက်တုန်းက ဒီရွာမှာ လူခြောက်လေး တစ်ကောင် မွေးခဲ့ဖူးတယ်"

"ဒါဆိုရင် ကျုပ်တို့ ကို အဲဒီအကြောင်း အစအဆုံး ပြောပြပေးလို့ ရမ

လား ... ဒါက ခင်ဗျားကို ပေးတဲ့ အဖိုးအခငွေပါ"

လို့ ပြောပြီး လွယ်အိတ်ထဲကနေ ငွေစက္ကူအချို့ကို ထုတ်ပေးလိုက်တယ်။

မရင်မြလည်း အောင်မြတ်သာပေးတဲ့ ငွေစက္ကူအချို့ကို ယူပြီး ထမင်းအုပ်ထဲ ထိုးထည့်ကာ

"ဒီသားခြောက်လေး ကတော့ ထူးဆန်းတယ်ရှင် ... အရင်က ကျုပ်တို့ ရွာမှာ ကိုသိန်းဝင်းနဲ့ မလှနွယ်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ် ... သူတို့ က အိမ်ထောင်ကျပြီး ၁၀နှစ်လောက်ထိ ကလေးမရခဲ့ဘူး ... နောက်တော့ မလှနွယ်က ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်တယ်လို့ သူများ တွေပြောတာ ကြားဖူးတယ်..."

"ဘယ်လို အိပ်မက်လဲ ဆိုတာ ပြောပြပါဦး"

"ရွာထဲမှာ ပြောတာကတော့ အခုမွေးလာမယ့် သားခြောက်လေးက သူ့ကိုရွာပြင် အနောက်ဘက် ခြုံပုတ်ပေါ်မှာ လာခေါ်ပါဆိုပြီး အိပ်မက် မက်တယ်လို့ ပြောကြတယ် ... အဲဒီနောက်ပိုင်း မလှနွယ် ကိုယ်ဝန် ရလာတယ် ... ကိုယ်ဝန် ၆လလောက်ထိ သာမန် ကိုယ်ဝန်ဆောင်တွေလို ဖြစ်ပြီးမှ ၇လလောက် ရောက်တော့ ဗိုက်မပူလာဘဲ ပြန်ပိန်သွားခဲ့တယ် ရွာထဲက လူတွေကတော့ မလှနွယ် ကိုယ်ဝန် ပျက်ကျပြီး ထင်နေကြပေမဲ့ နောက်လ အလယ်လောက်မှာ ဗိုက်နာပြီး ကလေးမွေးလို့ ရွာထဲမှာ အုတ်အော်သောင်းတင်းတောင် ဖြစ်ခဲ့သေးတယ် မလှနွယ်ကို ကလေး မွေးပေးတဲ့ လက်သည် ပြောတာကတော့ ... ကလေးက တစ်ထွာလောက်ပဲ ရှိတယ်တဲ့ လက်သည် က ကလေးကို မြှုပ်ဖို့ ပြောပေမဲ့ သူတို့ က မမြှုပ်ပဲ ယူထားခဲ့တယ် ဒါပေမဲ့ ကလေး မွေးပြီးနောက်ပိုင်း စီးပွား အရမ်း တက်ခဲ့တယ် အခုဆိုရွာထဲမှာ အချမ်းသာဆုံးတောင် ဖြစ်နေပြီ

သူတို့ အိမ်မှာ အိမ်အကူလုပ်တဲ့ မိညက်မ ပြောတာကတော့ သားခြောက်ကို တကယ် လူလိုထားတာတဲ့ ကလေး ကစားစရာကအစ ရေမွှေးဘူး၊ ပေါင်ဒါအဆုံး အကုန်ဝယ်ထား ပေးတယ်တဲ့ သားခြောက်လေးက သူလိုချင်တာရှိရင် သူ့မိဘတွေကို အိပ်မက်ပေးပြီး ပူဆာတယ်လို့ လည်း ပြောကြတယ် ဟိုတစ်လောကတောင် ညောင်ပင်ခြောက်ရွာမှာ မိန်းမ သွားတောင်းသေးတယ် အဲဒါကလည်း ဟိုသားခြောက် လက်ချက်ပဲ ဖြစ်မယ် ထင်တယ်"

"အင်းပေ့ါ သူက ရုပ်သာမရှိတာ နာမ်က ရှိနေသေးတာကိုး ဒါကြောင့် သာမန်လူတွေလို ဖြစ်ချင်မှာ ပေ့ါ အခုလို သိသင့်သလောက် သိလိုက်ရတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

"ဒါဆို ကျွန်မလည်း ပြန်လိုက်ဦးမယ်"

အောင်မြတ်သာတို့ လည်း မရင်မြ ထွက်သွားတာကို ကြည့်ပြီး

"ဒီတစ်ခေါက်ကိစ္စက အတော်ထူးဆန်းသလို ဖြေရှင်းရမဲ့ နည်းလမ်းကလည်း ခက်လိမ့်မယ် သက်ခိုင် ဒီကိစ္စမှာ တော့ မင်းကိုပဲ အားကိုးရတော့မှာ ပဲ"

"ဗျာ ကျွန်တော်က ဘယ်လို လုပ်ရမှာ လဲ"

"ဒီညနေစောင်းတာနဲ့ ရေမိုးချိုး သန့်စင်ပြီး တရားထိုင်ရမယ် ဒီတစ်ခါ တရားထိုင်ရင် စိတ်ကို မချုပ်ထားပဲ လွှတ်ထုတ်ပေးလိုက် အာရုံထဲမှာ အသက် ၁၇နှစ်အရွယ် ကောင်လေး တစ်ယောက်ကို မြင်ရင် သူ့ကို ရင်းနှီးအောင်လုပ် သူနဲ့ ရင်းနှီးရင် ဘာဆက်လုပ်ရမလဲ ပြောပြမယ်"

"ဒါဆို ကျွန်တော်တို့ ဘယ်ကို ဆက်သွားမလဲဆရာ"

"အခုငါတို့ အရင်သင်္ချိုင်းကို ပြန်မယ် အဲဒီကနေ ဆက်လုပ်ကြရ

အောင်"

အောင်မြတ်သာတို့ လည်း ရွှေခလုပ်ရွာကနေ ပြန်ထွက်လာ ခဲ့လိုက်တယ်။ ဇရပ်ကို ပြန်ရောက်တော့ ညနေစောင်းနေပြီမို့ မလှမ်းမကမ်းမှာရှိတဲ့ ရေတွင်းမှာ ရေချိုးကာ ဇရပ်ပေါ်မှာ တရားစမှတ်နေ လိုက်တော့တယ်။